လီၢ်ခၢၣ်သး–ကညီသးစၢ်ကရၢ (ကီၢ်သူလ့ၤ)
**KAREN YOUTH ORGANIZATION-CENTRAL (Kaw Thoo Lei)**
**P. O. Box -105, Mae Sot, Tak 63110, Thailand. Email: kyohqktl@yahoo.com**

နေ့စွဲ။ ။ မေလ(၂၃)ရက်၊၂၀၀၉ ခုနှစ်။

## နှစ်(၂၀)ပြည့် ကရင်လူငယ်အစည်းအရုံးနေ့တွင် ပြောကြားသော ကရင်လူငယ်အစည်းအရုံး ဥက္ကဌ ၏ မိန့်ခွန်း

**ကရင်အမျိုးသားများနှင့် ကရင်လူငယ်များအပေါင်းတို့–**

ကရင်လူငယ်အစည်းအရုံး၏ ဖွဲ့စည်းတည်ရှိမှုသည် ယနေ့ဆိုလျှင် နှစ်(၂၀) တင်းတင်းပြည့်ခဲ့ပြီးဖြစ်သည်။ စတင်ဖွဲ့စည်းချိန်မှစ၍ ယနေ့ထိ ကရင်လူငယ်အစည်းအရုံး ရပ်တည်နေနိုင်ခြင်းသည် ခေါင်းဆောင်များ၏ အမြော်အမြင်ရှိရှိ ချထားသော အစည်းအရုံး၏ ရည်ရွယ်ချက်သည် အဓိက ကျ၍ဖြစ်သည်။ ထို့အတူ ကရင်လူငယ်အစည်းအရုံး ခေါင်းဆောင်များနှင့် ပူးပေါင်းပါဝင် လုပ်ဆောင်ကြသော ကရင်လူငယ်များ အားလုံးတို့မှလည်း အခက်အခဲပေါင်းစုံကြားမှ ကြမ်းတမ်းခက်ထန်လှသည့် နှစ်(၂၀)ခရီးအတွင်း ကြိုးပမ်းဆောင်ရွက် တာဝန်ယူလုပ်ကိုင်ခဲ့၍သာ ယနေ့အချိန်အထိ မားမားမတ်မတ်ရပ်တည်နေနိုင်ခြင်းဖြစ်သည်။ ထို့အတွက်ကြောင့် ကရင်လူငယ် အစည်းအရုံးခေါင်းဆောင်များနှင့် ကရင်လူငယ်များအားလုံးကို ဤ နှစ်(၂၀)ပြည့် ကရင်လူငယ်အစည်းအရုံးနေ့တွင် အထူးမှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

ကရင်အမျိုးသားလွတ်မြောက်မှုတော်လှန်ရေးသည်လည်း နှစ်(၆၀)ပြည့်ခဲ့ပြီးဖြစ်သည်။ နှစ်(၆၀)ကာလအတွင်း ခက်ခဲကြမ်းတမ်း လှသည့် ခရောင်းတောလမ်း တော်လှန်ရေးမုန်တိုင်းကြီးထဲတွင် တချို့က လမ်းခုလပ်မှပြန်လှည့်၊ တချို့ကအဝေးဆီသို့ကျော့ခိုင်း၊ တချို့က အသက်ခန္ဓာပေးဆပ်ခဲ့၊ တချို့ကကိုယ့်ရဲရန်သူနှင့်မိတ်ဖက်ပြန်လုပ်၊ တချို့က မားမားမတ်မတ်ရပ်တည်ခဲ့၊ အစရှိသော တော်လှန်ရေး၏ နိယာမ သဘောတရားအရ အခက်အခဲပေါင်းစုံကို တွေ့ကြုံခံစား ဖြတ်သန်းကျော်လွှားခဲ့ကြရသည်။ မည်သို့ပင်ဖြစ်စေ နှစ်(၆၀)ပြည့် သက်တမ်း တခုအဖြစ် ရပ်တည်ခဲ့ရမှုကိုတော့ အသိအမှတ်ပြုရမည်ဖြစ်သည်။ သမိုင်းဝင်တွင်ရစ်ခဲ့ပြီးဖြစ်သည်။ ထိုအထဲတွင် ကရင်လူငယ်များစွာလည်း ပါဝင်ပေးဆပ်ခဲ့ကြပြီးဖြစ်သည်။ မိမိတို့ကျရာအခန်းကဏ္ဍတွင် တိုက်ခိုက်တွန်းလှန်သည့် ကရင်လူငယ်များ အားလုံးကို အထူးဂုဏ်ယူမိပါသည်။

ကရင့်တော်လှန်ရေးသည် ကရင်တမျိုးသားလုံး၏ ကရင့်နိုင်ငံရေးကံကြမ္မာ ကရင်ဖန်တီးခွင့်ရရှိရေး၊ ကရင်လူမျိုးများ ဖိနှိပ်မှုအပေါင်းမှ လွှန်မြောက်ပြီး ကိုယ်ပိုင်ပြဌာန်းခွင့်ရှိသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှိသည့် ကရင်ပြည်ထူထောင်ရေးနှင့် ပြည်နယ်ပေါင်းစု ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် တိုက်ခိုက်နေသောတော်လှန်စစ်ဖြစ်သည်။ ကရင့်တော်လှန်ရေးအောင်မြင်ရေးအတွက် ကရင်လူငယ်များ စည်းလုံးညီညွှတ်စွာဖြင့် တိုက်ပွဲဝင်ရမည်ဖြစ်သည်။

စစ်အဏာရှင်အဆက်ဆက်တို့သည်၊ ကရင်လူမျိုးများကို လူမျိုးတမျိုးအဖြစ်မှ ပျောက်ကွယ်ရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် အသုံးပြုခဲ့ကြသည်ကိုတွေ့ရသည်၊ ကရင်လူမျိုးများနေထိုင်ရာဒေသများတွင် နယ်မြေစိုးမိုးရေးအတွက် စစ်ဆင်ရေးကိုလုပ်ဆောင်နေပြီး စစ်တပ်အင်အားများ ဖြည့်တင်းမှုများပြုလုပ်ရုံသာမက အပြစ်မဲ့ပြည်သူများအားပစ်သတ်ခြင်း၊ အတင်းအဓမ္မ စေခိုင်းခြင်း၊ တောင်ယာခင်းများ ဖျက်ဆီးခြင်း၊ လယ်ယာ အနီးတစ်ဝိုက်တွင် စစ်တပ်စခန်းများချထားခြင်း၊ မိုင်းများထောင်ထားခြင်း၊ ကျေးရွာများကို အဓမ္မပြောင်းခိုင်းခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများကို ပြုလုပ်နေသည်မှာ နအဖမှ ကရင်လူမျိုးတို့ အားလုံး လူမျိုးပြုတ်ပျောက်မည့် အစီအစဉ်ကို စနစ်တကျ စီမံဆောင်ရွက်နေခြင်းဖြစ်သည်။ လူမျိုးတစ်မျိုး၏ လူမျိုးမပြုတ်ရေး၊ မပျောက်ရေးနှင့် အနာဂါတ်ရှင်သန် ရပ်တည်နေထိုင်မှုသည် ထိုလူမျိုး၏ လူငယ်ထုတစ်ရပ်လုံး လက်ထက်တွင်ရှိ နေသည့်အတွက် ကရင်လူငယ်များအနေဖြင့် ရပ်တည်ရင်ဆိုင်ဖေါ်ထုတ်တိုက်ခိုက်ရမည်ဖြစ်သည်။

ကရင်တော်လှန်ရေးခေါင်းဆောင်များကိုလည်း နအဖ စစ်အာဏာရှင်တို့သည် နည်းလမ်းမျိုးစုံသုံးလျှက် လုပ်ကြံသတ်ဖြတ်မည့် စီမံချက်များရေးဆွဲလျှက် ကရင်ကို ကရင်ချင်း သတ်ဖြတ်သည့်အစီအစဉ်ကို နောက်ကွယ်မှကြိုးကိုင်၍ ဆောင်ရွက်နေကြသည်။ ကရင်အမျိုးသားများအချင်းချင်း သားစဉ်မြေးဆက်တိုင်အောင် အထင်အမြင်မှားရှိနေကြစေရန် ဖန်တီးလုပ်ဆောင်နေသည် ထိုသို့ ဆောင်ရွက်နေခြင်းသည် ယုတ်ညံ့လှသည့် နိုင်ငံရေးလုပ်ကြံမှုဖြစ်သည့်အတွက် ရှုံ့ချပါသည်။ ထိုအတွက်ကြောင့် နအဖ စစ်အာဏာရှင်၏ စီမံချက်ရှိရှိ ပြုမူဆောင်ရွက်ချက်များကို ကရင်လူငယ်များအနေဖြင့် အစဉ်သတိထားရမည်ဖြစ်ပြီး တိုက်ခိုက်တွန်းလှန် သွားကြရမည်ဖြစ်သည်။

ကရင်အမျိုးသားလွတ်မြောက်မှု တော်လှန်ရေးတိုက်ပွဲသည်၊ အနာဂါတ်မျိုးဆက်သစ် ကရင်လူငယ်များ၏ ပခုံးထက်သို့ ကျရောက် နေပြီးဖြစ်သည့်အတွက် ကရင်လူငယ်များအနေဖြင့် နိုင်ငံရေးအရ နိုးကြားမှု၊ စိတ်ဓါတ်အရ ခိုင်မာမှု၊ သဘောတရားရေးအရ ပြတ်သားမှု၊ တိုက်ပွဲအတွက် စိတ်အားထက်သန်မှု၊ အောင်နိုင်ရေးအတွက် စိတ်ဆန္ဒပြင်းပြမှု တို့ကိုထားရှိ၍ ကရင်အမျိုးသားအလံတော်အား ဦးညွှတ်လျှက် လေးနက်တည်ကြည်စွာ သစ္စာအဓိဌာန်ပြုရင်း နှစ်(၂၀)ပြည့် ကရင်လူငယ်အစည်းအရုံးနေ့မှသည် ကရင်အမျိုးသား လွတ်မြောက်မှု တော်လှန်ရေးတိုက်ပွဲ အောင်နိုင်သည်အထိ တိုက်ပွဲဝင်သွားကြရန် တိုက်တွန်းနိုးဆော် လိုက်ပါသည်။

**ကရင်လူငယ်များ၏ စည်းလုံးညီညွှတ်သောတွဲလက်များဖြင့်**
**ကရင်တော်လှန်ရေးတိုက်ပွဲ အောင်မြင်ခြင်းဆီသို့**

စောလှထွန်း
ဥက္ကဌ
ကရင်လူငယ်အစည်းအရုံး
ကော်သူးလေ